

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

**HR-OMU (Sittwe)-009/24 : Driver**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေး နှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ယာဉ်မောင်း

| | | |
|---|---|---|
| **အရေအတွက်** | : | **(၂) ဦး** |
| **အစီရင်ခံတင်ပြမှု** | : | **အကြီးတန်းစီမံကိန်းအထောက်အကူပြုအရာရှိ** |
| **ဌာန** | : | **စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ်** |
| **တာဝန်ကျရာနေရာ** | : | **စစ်တွေ** |
| **အဆင့်** | : | **B-2** |
| **အကျိုးခံစားခွင့်များ** | : | **လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အိမ်ပြန်နားရက်ခံစားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအားပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့် သင်တန်းများ** |
| **လျှောက်လွှာပိတ်ရက်** | : | **၂၀၂၄ခုနှစ်၊ ဇူလိုင်လ(၅) ရက်၊ (၁၆:၃၀)နာရီ** |

### ဌာန၏အကြောင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဌာန/ယူနစ် (၁၆)ခုတွင် စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ် သည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ်ကို ဌာနချုပ်ရုံး၊ စစ်တွေရုံးခွဲ၊ မောင်တောရုံးခွဲနှင့် ပခုက္ကူရုံးခွဲတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေရုံးခွဲသည် စစ်တွေမြို့နယ် ၊ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်နှင့် မြေပုံမြို့နယ်များ တွင်လည်းကောင်း၊ မောင်တောရုံးခွဲသည် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ် များတွင်လည်း ကောင်း လူထုအခြေပြုစီမံကိန်း/စီမံချက်များဖြင့် လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်နေ လျက်ရှိပါ သည်။

### ရည်ရွယ်ချက်

**ယာဉ်မောင်း** ဝန်ထမ်းသည် စစ်တွေရုံးခွဲတွင် အခြေစိုက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လိုအပ်ပါက အခြားစီမံကိန်းနယ်မြေများသို့ ခရီးသွားရောက်ရမည်ဖြစ်ပါသည်။ ယာဉ်မောင်းဝန်ထမ်းသည် ဝန်ထမ်းများ၊

ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် အသင်းပိုင်ပစ္စည်းများ၊ လူမှုကရုဏာဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများကို သတ်မှတ်နေရာဒေသသို့ ညွှန်ကြားချက်နှင့်အညီ စနစ်တကျ လုံခြုံစွာ သယ်ယူ ပို့ဆောင်ပေးရန်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မော်တော်ယာဉ်စီမံခန့်ခွဲမှုဆိုင်ရာလမ်းညွှန်ချက်များ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်းများ နှင့်အညီ အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရန်ဖြစ်ပါသည်။

## တာဝန်နှင့်ဝတ္တရားများ

(၁) မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် အချိန်အခါ/နေရာဒေသမရွေး ပါဝင်ဆောင်ရွက်နိုင်ရမည်။

(၂) မြန်မာနိုင်ငံကြက်ခြေနီအသင်းပိုင် မော်တော်ယာဉ်များ ကို အသင်း၏မော်တော်ယာဉ် စီမံခန့်ခွဲမှုဆိုင်ရာလမ်းညွှန်ချက်များ၊ စနစ်များနှင့်လုပ်ထုံးလုပ်နည်းများ နှင့် အညီ ကောင်းစွာ ပြုပြင်ထိန်းသိမ်းနိုင်ရမည်။

(၃) မိမိ တာဝန်ကျ မော်တော်ယာဉ် ကို နေ့စဉ် မော်တော်ယာဉ်စစ်ဆေးမှု(ကြံ့ခိုင်ရေး/သန့်ရှင်းမှု) အတွက် သတ်မှတ်ထားသော ပုံစံပါ အချက်များ အတိုင်း စစ်ဆေးရမည်၊ အခြားယာဉ်ကို စစ်ဆေးရန် တာဝန်ပေးပါကလည်း အလားတူ ဆောင်ရွက်ပေးရမည်။ သတ်မှတ်ထားသည့် ပုံစံတွင် နေ့စဉ်ဖြည့်သွင်း မှတ်တမ်းတင်ရမည်။ နေ့စဉ်မနက်တစ်ကြိမ်၊ညနေတစ်ကြိမ် ကား အတွင်း/အပြင်သန့်ရှင်းရေးပြုလုပ်ခြင်း၊ လိုအပ်သော ဆီ၊ ရေ၊ လေ၊ အင်ဂျင်ဝိုင် စစ်ဆေးခြင်း ၊ပြုပြင်ထိန်းသိမ်းခြင်းများအား ဆောင်ရွက်ရမည်။

(၄) မော်တော်ယာဉ်ကို စနစ်တကျ နှင့် လုံခြုံမှုရှိစွာ သုံးစွဲကြောင်းတာဝန်ယူရန်နှင့်ထုတ်ပေးထားသော ယာဉ်ပြင်ကိရိယာများ (ဂျိုင့်ထောက်၊ စက်ပြင်ကိရိယာ..စသည့်) တို့ကို စနစ်တကျ အသုံးပြုနိုင်ရမည်။

(၅) နိုင်ငံတော်မှတရားဝင်ပြဌာန်းထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေနှင့် ညွှန်ကြား ချက်များနှင့် ကို လိုက်နာဆောင်ရွက်ရမည်။

(၆) မိမိမောင်းနှင်မည့် မော်တော်ယာဉ် အကြောင်း ကောင်းစွာ နားလည်ပြီး နယ်မြေလမ်းကြောင်း အခြေအနေပေါ်မူတည်၍ ကောင်းမွန်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။

(၇) ယာဉ်အသုံးပြုခွင့် မပါရှိသည့် မည်သည့်ခရီးစဉ်ကို မှ ပို့ဆောင်ပေးခြင်း မပြုရန် ယာဉ်မောင်းတွင်တာဝန်ရှိသည်။

(၈) သက်ဆိုင်ရာ အုပ်ချုပ်သူမှ ခွင့်ပြုထားသော ခရီးစဉ်၊ လမ်းကြောင်း၊ လူဦးရေ၊ ကုန်ပစ္စည်းများ အတိုင်းသာ ပို့ဆောင်ရမည်။

(၉) ရုံးခွဲမန်နေဂျာ၏ခွင့်ပြုချက်မရပဲ မည်သည့် ပစ္စည်း ၊ လူပုဂ္ဂိုလ် ကို မှ မော်တော်ယာဉ်ပေါ်တွင် သယ်ယူခြင်း ၊ပို့ဆောင်ခြင်း၊ လက်ခံခြင်း၊ ထားသိုခြင်း၊ သိမ်းဆည်း ခြင်း မပြုလုပ်ရန် တာဝန်ရှိသည်။

(၁၀) ယာဉ်ပေါ်တွင် ပါရှိသည့် ဝန်ထမ်း နှင့် သက်ဆိုင်ရာ ဝန်စည်များအား ညွှန်ကြား ထား သည့် အတိုင်း အန္တရာယ်ကင်းစွာ မောင်းနှင်ပို့ဆောင် နိုင်ရမည်။

(၁၁) ယာဉ်ပေါ် တွင် လိုက်ပါသူအားလုံး(ယာဉ်မောင်းအပါအဝင်) သည် အန္တရာယ်ကင်းခါးပတ်အား တပ်ဆင်စေရန်နှင့် အန္တရာယ်ကင်းခါးပတ်များ တပ်ဆင်ခြင်းမရှိပါက မော်တော်ယာဉ် အား မောင်းနှင်ခြင်းမပြု ရန် ယာဉ်မောင်း တွင်တာဝန်ရှိသည်။

(၁၂) ရုံးစည်းကမ်းပါ အလုပ်ချိန် သတ်မှတ်ချက်အတိုင်း မောင်းနှင် ရမည်ဖြစ်ပြီး လုပ်ငန်း လိုအပ်ချက် အရ အချိန်ပို တာဝန်ထမ်းဆောင်ရန် လိုအပ်ပါက ကျေပွန်စွာ နာခံဆောင်ရွက်တတ်ရမည် ကြီးကြပ်သူမှ လုပ်ငန်းတာဝန်ပေးအပ်ပါက လိုလားစွာထမ်းဆောင်နိုင်ရမည်။

(၁၃) အရေးပေါ်အခြေအနေများ တွင် တာဝန်ပေးအပ်ပါက ဆောင်ရွက်နိုင်ရမည်။

(၁၄) မော်တော်ယာဉ်ပြင်ဆင်မှုမှတ်တမ်းများ၊ မော်တော်ယာဉ်အသုံးပြုမှုမှတ်တမ်းများ၊ စက်သုံးဆီ စာအုပ်များကို မော်တော်ယာဉ် စည်းမျဉ်းစည်းကမ်းများအတိုင်း ထိန်းသိမ်းဖြည့်စွက်နိုင်သူ ဖြစ်ရမည်။

(၁၅) မိမိအားတာဝန်ပေးအပ်ထားသည့် မော်တော်ယာဉ်အား ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါက အကြီးတန်း'စီမံကိန်းအထောက်အကူပြုအရာရှိထံသို့ စာဖြင့် (၃)ရက်ကြိုတင်၍ သတင်းပို့ရမည်၊ အရေးပေါ်ပြုပြင်ရန် လိုအပ်ပါက ချက်ချင်း သတင်းပို့တင်ပြရမည်။

(၁၆) မိမိအား တာဝန်ပေးအပ်ထားသော မော်တော်ယာဉ်နှင့် သက်ဆိုင်ရာ ပစ္စည်းကိရိယာများ၏ ဘေးကင်းလုံခြုံရေးအတွက် အပြည့်အဝ တာဝန်ရှိသည်။

(၁၇) မော်တော်ယာဉ်နှင့် ပတ်သက်သော အသေးစားပြင်ဆင်မှုများအတွက် စစ်ဆေးနိုင်ပြီး ပြင်ဆင် နိုင်ရမည်။

(၁၈) ခရီးသွားရောက်စဉ် အုပ်ချုပ်သူအရာရှိ/ကြီးကြပ်ရေးမှူး၏ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်။

(၁၉) ယာဉ်မောင်းလိုင်စင်အား အမြဲတစေ သက်တမ်းရှိနေစေရန် တာဝန်ရှိပြီး သက်တမ်း တိုးမြှင့် ရန် လိုအပ်ပါက အချိန်မှီ သက်တမ်းတိုးမြှင့်ထားရန် ယာဉ်မောင်းတွင် တာဝန်ရှိသည်။





(၂၀) မြန်မာနိုင်ငံကြက်ခြေနီအသင်း၊မော်တော်ယာဉ်စီမံခန့်ခွဲမှုဆိုင်ရာလမ်းညွှန်ချက်များ၊ စနစ်များ နှင့်လုပ်ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်များ ကို မသက်ဆိုင်သူများ ထံ မရောက် ရှိစေရန် ထိန်းသိမ်းဆောင်ရွက်နိုင်ရမည်။

(၂၁) လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ကြက်ခြေနီအခြေခံမူ များ နှင့် အညီ သာ ဖြစ်ရမည်။

(၂၂) အထက်ကြီးကြပ်သူအရာရှိနှင့် စီမံခန့်ခွဲမှုအဆင့်အရာရှိများမှ ပေးအပ်သော အခြားတာဝန်နှင့် ဝတ္တရားများကို ထမ်းဆောင်နိုင်ရမည်။

**<u>လိုအပ်သောအရည်အချင်းများ</u>**

- **အခြေခံပညာအထက်တန်းအဆင့် သင်ယူထားသူဖြစ်ရမည်။**
- **သက်တမ်းမကုန်ဆုံးသေးသော ယာဉ်မောင်းလိုင်စင် (အနိမ့်ဆုံး-ခ အဆင့်) လက်ဝယ်ရှိရမည်**။
- ယာဉ်မောင်း အတွေ့အကြုံ အနည်းဆုံး ၂နှစ်ရှိရမည်၊ 4 WD (Manual Gear) မော်တော်ယာဉ် အမျိုးအစား မောင်းနှင်သည့် အတွေ့အကြုံရှိရမည်။
- နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများနှင့် ကြက်ခြေနီတွင် တာဝန် ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံရှိသူများ ဦးစားပေးမည်။
- မော်တော်ယာဉ် အသေးစားပြင်ဆင်မှု အတွေ့အကြုံရှိသူဖြစ်ရမည်။
- မော်တော်ယာဉ် နှင့် ပြုပြင်ထိန်းသိမ်းမှု များကိုကောင်းစွာ နားလည် ရမည်။
- စိတ်ပိုင်းဆိုင်ရာ/ရုပ်ပိုင်းဆိုင်ရာကျန်းမာသန်စွမ်းပြီးသွက်လက်နိုးကြားသူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ အသင်း၏ လှုပ်ရှားမှုများတွင် ဆောင် ရွက်နိုင်ရမည်။
- လူမှုပေါင်းသင်းဆက်ဆံရေးနှင့်ကိုယ်ရည်ကိုယ်သွေးကောင်းမွန်သူဖြစ်ရမည်။
- ယဉ်ကျေးမှု၊ ဓလေ့ ကွဲပြားမှုများ၊ လူမျိုး၊ ဘာသာစကား၊ လုပ်ငန်းသဘာဝ မတူညီ ကွဲပြားမှုရှိသည့် လုပ်ငန်းခွင် တွင် တာဝန်ထမ်းဆောင်နိုင်ရမည်
- အရက်သေစာသောက်စားသူများ နှင့်မူးယစ်ဆေးဝါးသုံးစွဲ သူများ မဖြစ်ရ။
- အကျင့်စာရိတ္တ နှင့် ကိုယ်ကျင့်တရား ကောင်းမွန်သူဖြစ်ရမည်
- ဒေသခံ ကြက်ခြေနီစေတနာလုပ်အားရှင်များကို ဦးစားပေးမည်။
- လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး ခရီးသွားလာနိုင်သူဖြစ်ရမည်
- ကြက်ခြေနီအခြေခံမူ(၇)ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လိုစိတ်ရှိသူ ဖြစ်ရမည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"**

***Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality***

- ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုကရုဏာလှုပ်ရှားမှုများတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**စိတ်ပါဝင်စားသူများသည် ထောက်ခံသူအနည်းဆုံးနှစ်ဦးပါဝင်သော ကိုယ်ရေးရာဇဝင်နှင့် အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာ ပေးပို့လျှောက်ထား မှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးချုပ်**
**ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊**
**နေပြည်တော်။**

**စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ်**
**စစ်တွေရုံးခွဲ**
**မေယုလမ်း၊ ကျေးပင်ကြီးရပ်ကွက်၊**
**စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်။**

(သို့မဟုတ်) **mrcshrmaungdaw@redcross.org.mm** သို့လိပ်မူကာ ပေးပို့ရမည်။
အသေးစိတ်အချက်အလက်များအား **www. redcross.org.mm** တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"**

***Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality***